# Malware များအကြောင်း

Malware ဆိုတာ ကွန်ပျူတာသုံးစွဲသူများရဲ့ ခွင့်ပြုချက်မယူပဲ computer system များကို ပျက်စီးအောင် ပြုလုပ်တတ်တဲ့ဆော့ဖ်ဝဲလ်တစ်မျိုးပါပဲ။တနည်းအားဖြင့် Virus, Trojan Horse, Worm, Spyware, Adware တို့ ဟာ Malware တွေပါပဲ။

**Virus**

လူမှာ ရောဂါပိုး virus ဝင်ရောက်ရင် ဝင်တဲ့သူရော ၊ အခြားသူများပါ ကူးစက်ပြန့် ပွါးသကဲ့သို့ ကွန်ပျူတာမှာလဲ virus ဝင်ရင် ဝင်ခံထိတဲ့ကွန်ပျူတာရော၊ အခြားကွန်ပျူတာတွေပါ ကူးစက်ပြန့် ပွါးဒုက္ခပေးတဲ့အတွက် virus လို့ သတ်မှတ်ကျခြင်းဖြစ်ပါတယ်။အမှန်စင်စစ် Virus ဆိုတာ ကွန်ပျူတာ ပရိုဂရမ်တစ်ခုပါပဲ ။ Virus ဟာကွန်ပျူတာတစ်လုံးအတွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လာနိုင်ပါတယ်။ Virus ဟာ ဖိုင်ဖျက်ခြင်း ၊ ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ မက်ဆေ့ပေါ်စေခြင်း၊ system file ဖျက်ဆီးခြင်းတို့ ကိုပြုလုပ်နိုင်ပါတယ်။

**Trojan Horse**

သူသည်လဲ ကွန်ပျူတာ ပရိုဂရမ်တစ်ခုပါပဲ။သူကျတော့ အခြား ပရိုဂရမ်တွေနဲ့ အတူပုန်းခိုပြီးပါတတ်ပါတယ်။တကယ်လို့ Trojan ပါတဲ့ ပရိုဂရမ်တစ်ခုကို run လိုက်မိပြီးဆိုရင်တော့ ဒီကောင်က ကောင်းကောင်းဒုက္ခပေးလို့ ရပါပြီ။ ဒါကြောင့် မိမိမသိတဲ့ အီးမေလ်းတို့ ၊ ပရိုဂရမ်တို့ ကို မဖွင့်မိစေဖို့ လိုအပ်ပါတယ်။

**Worm**

Worm ကတော့ virus နဲ့တူပါတယ်။ ဒါပေမဲ့ ဒီကောင်ကျတော့ နက်ဝက်ကနေ အခြားကွန်ပျူတာကို ဝင်ရောက်အသုံးပြုနိုင်ဖို့ ဖြစ်ပါတယ်။ ဒီကောင်က နက်ဝပ်အတွင်းမှာ ပြန့် နှံ့ ပါတယ်။ ဒီကောင်က အကွာအကွယ်မပြုထားတဲ့ ကွန်ပျူတာတွေကို ဝင်ရောက်ဖို့ လုပ်ထားပါတယ်။

**Spyware**

Spyware ကတော့ ခွင့်ပြုချက်မယူပဲ အင်စတောပြီးတော့တာဖြစ်ဖြစ်၊ ခွင့်ပြုချက်ယူပြီး အင်စတောတာ ဖြစ်ဖြစ် ဒီကောင်တွေက information တွေကို စုဆောင်းပေးပါတယ်။ ပြီးရင် hacker လုပ်သူဆီကို စုဆောင်းထားတဲ့ ဒေတာတွေ ပြန်ပို့ ပေးပါတယ်။

**Adware**

Adware ကတော့ Spyware နဲ့ တူပါတယ်။ ဒီကောင်ကတော့ ကြော်ငြာတွေဖော်ပြဖို့ အတွက်သုံးလေ့ရှိပါတယ်။ ဘယ်မှာတွေ့ ရလေ့ရှိသလဲဆိုရင် pop-up window မှာတွေ့ ရတတ်ပါတယ်။